

# CHUBU GAKUIN

Chubu Gakuin University | Chubu Gakuin University Junior College

## ပညာတော်သင်ကျောင်းသား ခေါ်ယူမှုလမ်းညွှန်ချက်

## 2024→2025

4 နှစ်သင်တန်း

**Human Well-Being Department**
**Human Well-Being Major**
- Social Welfare Course
- Mental Health and Welfare Course
- Care Support Course
- Community Contribution Course

**Education Department**
**Child Education Major**
- Elementary and Junior High School Teacher Course
- Kindergarten and Nursery School Teacher Course

**Sports Health Science Department**
**Sports Health Science Major**
- Sports Health Course
- Health and Physical Education Course
- Disabled Sports Course
- Sports Management Course

2 နှစ်သင်တန်း

**Junior College Programs**
**Infant Education Major**
- *Asobist* (Play Specialist) Course
- Disabled Children Support Course
- Childcare Support Course

**Junior College Program**
**Social Welfare Major**
- Nursing and Welfare Course
- Healthcare Administration Course
- Business Design Course

One-Year / 1.5-Year Course

**ပညာတော်သင်ကျောင်းသားများအတွက်အထူးအတန်း**
**ဂျပန်ဘာသာစကားသင်တန်း**

Chubu Gakuin 中部学院大学
大学院 / 大学 / 短期大学部







# တက်ကြွသောပညာတော်သင်ကျောင်းသားများအတွက် ဖော်ဆောင်ထားသော ကူညီထောက်ပံ့မှု

| | |
|---|---|
| **SUPPORT 1**<br>ပညာသင်ဆုစနစ်<br>ဖော်ဆောင်ပေးခြင်း | ဂျပန်နိုင်ငံရှိ နေထိုင်မှုကို ကူညီပံ့ပိုးပေးမည့် နေအိမ်ကူညီထောက်ပံ့မှု၊ စာပေလေ့လာရေးအထောက်အပံ့ဖြစ်သည့် ပညာသင်ထောက်ပံ့ကြေးများအပြင် ဂျပန်ဘာသာစကားအရည်အချင်းစစ်စာမေးပွဲအောင်မြင်ထားသူများအတွက် ပညာသင်ဆုများပေးအပ်ခြင်းစသည့် ပညာသင်ဆုစနစ်များကို ဖော်ဆောင်ထားသည်။ ပညာသင်ဆုနှင့်ပတ်သက်၍ အသေးစိတ်ကို No.14.တွင် ဖော်ပြထားပါသည် |
| **SUPPORT 2**<br>ဂျပန်ဘာသာစကား<br>အရည်အချင်းစစ်စာမေးပွဲ<br>N1၊N2 အောင်မြင်သူများအတွက် | ဤကျောင်းတွင် ဂျပန်ဘာသာစကားအရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများအတွက် စာပေလေ့လာရေးအထောက်အပံ့များကို ဆက်တိုက်ဆောင်ရွက်ပေးလျက်ရှိသည်။ မိမိနှင့်အဆင်ပြေသောစာသင်ချိန်ကို သတ်မှတ်နိုင်ပြီး ဂျပန်ဘာသာစကားကို ထိရောက်မှုရှိစွာ လေ့လာနိုင်သည်။ နှစ်စဉ် ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ N1 ၊ N2 အောင်မြင်သူများစွာကို မွေးထုတ်ပေးလျက်ရှိသည်။ |
| **SUPPORT 3**<br>နိုင်ငံတကာဆက်ဆံရေးနှင့်<br>ပညာတော်သင်ကျောင်းသား<br>ကူညီထောက်ပံ့ရေးဌာန | နိုင်ငံတကာဆက်ဆံရေးနှင့် ပညာတော်သင်ကျောင်းသား ကူညီထောက်ပံ့ရေးဌာနတွင် ဤကျောင်း၏ ပညာရေးပန်းတိုင်ဖြစ်သည့် ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်ရေးကို ရည်ရွယ်၍ နိုင်ငံရပ်ခြားပညာတော်သင်မှုနှင့် နိုင်ငံခြားသားပညာတော်သင်ကျောင်းသားအား ကူညီထောက်ပံ့မှု၊ နိုင်ငံတကာနီးနှောဖလှယ်ပွဲများအား လုပ်ဆောင်ပေးလျက်ရှိသည်။<br>ဤကျောင်းတွင် ပညာသင်ကြားနေသည့် ပညာတော်သင်ကျောင်းသားများ၏ ကျောင်းသားနေထိုင်မှုဘဝနှင့် နေ့စဉ်နေထိုင်မှုဘဝများ ပိုမိုအဆင်ပြေချောမွေ့စေရန် ပညာသင်ဆုစနစ်များ၊ ဂျပန်ဘာသာစကားသင်တန်းများ၊ နေထိုင်ခွင့်ဗီဇာလုပ်ထုံးလုပ်နည်းများနှင့် အခြား ကျောင်းသားရေးရာတိုင်ပင်ဆွေးနွေးပေးခြင်းစသည့် ကူညီပံ့ပိုးမှုကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။<br>ထို့အပြင် လိုအပ်ချက်အမျိုးမျိုးကို ကြိုတင်တွေးဆကာ နိုင်ငံခြားသားပညာတော်သင်ကျောင်းသားများအတွက် ထည့်သွင်းစဉ်းစားထားသည့် ကျောင်းဝင်းကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ထည့်သွင်းစဉ်းစားပေးမှုတစ်ခုအဖြစ် အစ္စလာမ်ဘာသာဝတ်ပြုခန်းကိုလည်း ထည့်သွင်းပေးထားပါသည်။  |
| **SUPPORT 4**<br>လက်ပ်တော့ငှားရမ်းပေးခြင်း | ဤကျောင်းတွင် ကျောင်းသားများ၏ ပညာသင်ကြားရေးနှင့် သင်ခန်းစာများတိုးတက်ရေးအတွက် ရည်ရွယ်၍ ပညာသင်ကြားသည့်ကာလတွင် လက်ပ်တော့များ ငှားရမ်းပေးလျက်ရှိသည်။<br>※ ပညာတော်သင်ကျောင်းသားများအတွက်အထူးအတန်းမှ လွဲ၍ |

## သင်ယူမှုအခြေခံအုတ်မြစ်ဖြစ်သည့် ကျောင်းဝင်းတည်နေရာမှာ ဂျပန်နိုင်ငံ၏ အကောင်းဆုံးဖြစ်သည့် တိုခအိဒေသ

တိုခအိဒေသတွင် အဓိကထားလုပ်ဆောင်သောကုမ္ပဏီများ၊ စင်တာများနှင့် ခိုင်မာစွာပူးပေါင်းဆောင်ရွက်ကာ ခေတ်မီသောသင်ရိုးညွှန်းတမ်းစသည့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူဖြစ်စေမည့် လူ့စွမ်းအားအရင်းအမြစ်ပြုစုပျိုးထောင်ရေးပတ်ဝန်းကျင်ကို ဖော်ဆောင်လျက်ရှိသည်။

ကျောင်းတည်ထောင်မှုစိတ်ဓာတ်

**יראת יהוה ראשית דעת**

**"ဘုရားသခင်ကို ကြောက်ရွံ့ခြင်းသည် အသိပညာ၏ အစဖြစ်သည်"**

ဇဝ်လိခရစ်ယာန်ဘာသာကို အခြေခံထားသော ကျောင်းပညာရေးမှတစ်ဆင့် အသိပညာ၊ သီလ၊ ခန္ဓာကိုယ်နှင့် ညီညွတ်သည့် ကြွယ်ဝသောလူ့စွမ်းအားအရင်းအမြစ်ကို ပြုစုပျိုးထောင်သွားပါမည်။

Seki Campus



Kakamigahara Campus



No.02

# ဂျပန်နိုင်ငံ၏ လူမှုဖူလုံရေးကို သင်ကြားကာ
# အနာဂတ်တွင် မိမိတိုင်းပြည်၏
# လူမှုဖူလုံရေး၌ အကျိုးပြုနိုင်သည့် လူမှုဖူလုံရေးဝန်ထမ်းများကို ပျိုးထောင်သွားမည်



Human Well-Being Department

# Human Well-Being Major

Social Welfare Course / Mental Health and Welfare Course /
Care Support Course / Community Contribution Course

## ပညာတော်သင်ကျောင်းသားများအတွက် သင်ရိုးညွှန်းတမ်းဖော်ဆောင်ခြင်း။

ဂျပန်ဘာသာစကားနှင့် ဂျပန်နိုင်ငံ၏ လူမှုဖူလုံရေးကို နားလည်စေရန် ပညာတော်သင်ကျောင်းသားများအတွက် သင်ရိုးညွှန်းတမ်းကို ဖော်ဆောင်ထားလျက်ရှိသည်။

| | |
|---|---|
| **နိုင်ငံတကာ လူမှုဖူလုံရေးနှိုင်းယှဉ်မှုနိဒါန်း A・B** | ဂျပန်နိုင်ငံ၏ သမိုင်း၊ ပထဝီ၊ အုပ်ချုပ်ရေးအဖွဲ့အစည်း၊ ယဉ်ကျေးမှု၊ ဆေးကုသမှုစသည့် အခြေခံဗဟုသုတများကို လေ့လာပြီး မိမိနိုင်ငံ၏ လူမှုဖူလုံရေးနှင့် ဂျပန်နိုင်ငံ၏ လူမှုဖူလုံရေးကို နှိုင်းယှဉ်သဘောပေါက်နားလည်စေမည်။ |
| **နိုင်ငံတကာ လူမှုဖူလုံရေးနှိုင်းယှဉ်မှုA・B** | ဂျပန်နိုင်ငံ၏ လူမှုဖူလုံရေးစနစ်တစ်ခုလုံးကို ပုံဖော်နိုင်ပြီး အခြေအနေအမျိုးမျိုးတွင် စဉ်းစားတွေးခေါ်နိုင်စေရန် ရည်ရွယ်သည်။ |
| **ဂျပန်နိုင်ငံ၏ လူမှုဖူလုံရေး** | ဂျပန်နိုင်ငံ၏ လူမှုဖူလုံရေးကို ဒေသပတ်ဝန်းကျင်နှင့် မိသားစုအမြင်ဘက်မှ နားလည်ပြီး ဂျပန်နိုင်ငံ၏ လူမှုဖူလုံရေးအကြောင်းအရာကို တွေးတောသင်ယူစေမည်။ |
| **ယနေ့ခေတ် လူမှုဖူလုံရေးစီမံခန့်ခွဲမှု** | လူမှုဖူလုံရေးနှင့် ပြုစုစောင့်ရှောက်ရေးနယ်ပယ်ရှိ အမျိုးမျိုးသောစီမံခန့်ခွဲမှုပုံစံများ၊ စီမံခန့်ခွဲမှုပြဿနာများကို နားလည်စေမည်။ |
| **လူမှုဖူလုံရေးစီမံခန့်ခွဲမှုပညာရပ်** | လူမှုဖူလုံရေးဝန်ဆောင်မှုအဖွဲ့အစည်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာအခြေခံနည်းစနစ်ကို နားလည်စေမည်။ |

**လွန်ခဲ့သော 3 နှစ်တာရှိ ပညာတော်သင်ကျောင်းသားများ၏ ဘွဲ့ရရှိပြီးနောက်လမ်းကြောင်း**
( အကြမ်းဖျဉ်း )




## အနာဂတ် လူမှုဖူလုံရေးအဖွဲ့အစည်းကို ဒေသအသီးသီးတွင် အထောက်အကူပြုနိုင်မည့် လူမှုဖူလုံရေးအခြေခံအကြောင်းကို သင်ယူပြီး သင်တန်း 4 ခုတွင် ကျွမ်းကျင်မှုကို မြင့်တင်စေမည်။

### Social Welfare Course

ဥပဒေ၊ နည်းစနစ်၊ လူမှုဖူလုံရေးတို့၏ လက်ရှိပြဿနာများကို သင်ယူလေ့လာကာ လူ့အဖွဲ့အစည်းလူမှုဖူလုံရေးဝန်ထမ်းလက်မှတ်ကို ရယူနိုင်စေရန် ရည်ရွယ်ပါသည်။

လူ့အဖွဲ့အစည်းလူမှုဖူလုံရေးဝန်ထမ်း

**အခက်တွေ့နေသူများကို အကူအညီပေးမည့် လူမှုဖူလုံရေးဝန်ဆောင်မှုကျွမ်းကျင်သူ။**

လူ့အဖွဲ့အစည်းလူမှုဖူလုံရေးဝန်ထမ်း၏ အဓိကအလုပ်မှာ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများစသည့် လူမှုဖူလုံရေးဝန်ဆောင်မှုကို လိုအပ်သူများ၏ တိုင်ပင်ဆွေးနွေးမှုများကို လက်ခံဆောင်ရွက်ပေးကာ အကြံဉာဏ်နှင့် အကူအညီများ ပေးစွမ်းရန်ဖြစ်သည်။

### Mental Health Social Work Course

စိတ်ရောဂါကုဌာန၊ ဆေးရုံများတွင် တိုင်ပင်ဆွေးနွေးမှုတာဝန်ကို လုပ်ဆောင်ခြင်း၊ စိတ်ကျန်းမာရေးလူမှုဖူလုံရေးဝန်ထမ်း လက်မှတ်ကို ရယူနိုင်စေရန် ရည်ရွယ်ပါသည်။

စိတ်ကျန်းမာရေးလူမှုဖူလုံရေးဝန်ထမ်း

**စိတ်ဓာတ်ကျခြင်းစသည့် စိတ်ရောဂါဝေဒနာရှင်များအတွက် ကူညီထောက်ပံ့ပေးမည့် ကျွမ်းကျင်သူ။**

စိတ်ကျန်းမာရေးလူမှုဖူလုံရေးဝန်ထမ်း၏ အလုပ်မှာ စိတ်ရောဂါကုသထားသူများအား လူနေမှုပတ်ဝန်းကျင်တွင် ပြန်လည်နေထိုင်နိုင်စေရန်အတွက် အကူအညီပေးခြင်းဖြစ်သည်။



### Care Support Course

သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများအား အနီးကပ်ပြုစုစောင့်ရှောက်ပေးသည့် ပြုစုစောင့်ရှောက်ရေးကျွမ်းကျင်ဝန်ထမ်းလက်မှတ်ကို ရယူနိုင်စေရန် ရည်ရွယ်ပါသည်။

ပြုစုစောင့်ရှောက်ရေးကျွမ်းကျင်ဝန်ထမ်း

**"ပြုစုစောင့်ရှောက်ရေးကျွမ်းကျင်ပညာရှင်" ဖြစ်ကြောင်း အထောက်အထား။**

ကျွမ်းကျင်အသိပညာနှင့် နည်းစနစ်များ ပိုင်ဆိုင်ထားသည့် ပြုစုစောင့်ရှောက်ရေးကျွမ်းကျင်ပညာရှင်အနေဖြင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းခွင်တွင် လုပ်ကိုင်ရမည်။

### Community Contribution Course

လူ့ဘောင်ပတ်ဝန်းကျင်အား အကျိုးပြုနိုင်သောစွမ်းရည်ကို သင်ယူပြီး ကုမ္ပဏီများမှ လိုအပ်သောလူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ရမည်ဖြစ်သည်။

# ဂျပန်နိုင်ငံ၏ အဆင့်မြင့်ပညာရေးကို သင်ယူပြီး
# မိခင်နိုင်ငံရှိ ပညာရေးတွင် အသုံးချမည်



Education Department

# Child Education Major

Elementary and Junior High School Teacher Course /
Kindergarten and Nursery School Teacher Course

## သင်ကြားမှု၊ ကလေးပြုစုစောင့်ရှောက်ခြင်း၊ လူမှုဖူလုံရေးနယ်ပယ်များတွင် လုပ်ကိုင်ကြမည့် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်သွားပါမည်။

### Elementary and Junior High School Teacher Course

လူ့အဖွဲ့အစည်းလူမှုဖူလုံရေးဝန်ထမ်း၏ အဓိကအလုပ်မှာ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများစသည့် လူမှုဖူလုံရေးဝန်ဆောင်မှုကို လိုအပ်သူများ၏ တိုင်ပင်ဆွေးနွေးမှုများကို လက်ခံဆောင်ရွက်ပေးကာ အကြံဉာဏ်နှင့် အကူအညီများ ပေးစွမ်းရန်ဖြစ်သည်။
သင်ကြားရေးလက်တွေ့လေ့ကျင့်မှုကို ကျောင်းဝင်းအနီးတွင် လုပ်ဆောင်သောကြောင့် ကျောင်းဝန်ထမ်းများမှ အချိန်နှင့်တစ်ပြေးညီ လိုက်လံကြည့်ရှုခြင်းကို ဆောင်ရွက်လျက်ရှိသည်။

### Kindergarten and Nursery School Teacher Course

အထူးကူညီထောက်ပံ့ခြင်းပညာရပ်နှင့် လူမှုဖူလုံရေး သင်ကြားဖူးသည့် ကလေးပြုစုစောင့်ရှောက်သူ (သူငယ်တန်းဆရာမများ၊ ကလေးပြုစုစောင့်ရှောက်ရေးကျွမ်းကျင်သူ) များကို လေ့ကျင့်သင်ကြားပေးသည်။
ကျောင်းဝင်းတွင် အုပ်ထိန်းသူနှင့်ဆက်စပ်သည့် ကလေးငယ်မိသားစုကူညီထောက်ပံ့ရေးစင်တာရှိပြီး ကလေးငယ်၊ အုပ်ထိန်းသူတို့နှင့် နေ့စဉ် ဆက်ဆံရေးရှိစေခြင်းသည်လည်း အားသာချက်ဖြစ်သည်။

### တက္ကသိုလ်တွင် သင်ယူပြီး ကျောင်းပြင်ပလက်တွေ့လေ့ကျင့်မှုဖြင့် အသိပညာနှင့် အတွေ့အကြုံများကို တိုးပွားစေမည့် "သင်ကြားရေးတောအုပ်အစီအစဉ်"

ပညာရေးနယ်ပယ်တွင် တွန်းအားလိုအပ်သောယခုကာလ၌ ဤကျောင်းတွင် ပညာရေးနယ်ပယ်နှင့်ချိတ်ဆက်မှုကို အလေးပေးသည့်သင်ရိုးညွှန်းတန်းကို ပြင်ဆင်လျက်ရှိသည်။ တက္ကသိုလ်တွင် သင်ယူထားသောအရာကို ကျောင်းပြင်ပလက်တွေ့လေ့ကျင့်ရေးတွင် အသုံးချကာ လက်တွေ့လေ့ကျင့်ရာတွင် တွေ့ကြုံရသည့်အကြောင်းအရာများကို တက္ကသိုလ်တွင် လေ့လာခဲ့သောအရာများဖြင့် ပိုမိုနားလည်အောင်ပြုလုပ်သည်။ အတွေ့အကြုံနှင့် လေ့လာမှုကို ထပ်ဖန်တလဲလဲ လုပ်ဆောင်ပြီး လက်တွေ့ဦးဆောင်နိုင်စွမ်းကို ရရှိလာမည်ဖြစ်သည်။

### တက္ကသိုလ်တွင် နေထိုင်သင်ကြားရင်းဖြင့် မိဘနှင့် ကလေးငယ်အား တွေ့ဆုံနိုင်သည့် ကလေးငယ်မိသားစုကူညီထောက်ပံ့ရေးစင်တာ "La Lula"

"La Lula" သည် ကျောင်းမတက်ရောက်မီ မိဘနှင့်ကလေး ကြီးထွားမှုကို အားလုံးအတူ ပြုစုပျိုးထောင်ပေးသည့် "ကလေးပြုစုပျိုးထောင်ရေးကူညီထောက်ပံ့မှုနေရာ" ဖြစ်သည်။ ဤနေရာသည် မျိုးဆက်သစ်များကို ဦးဆောင်မည့်ကျောင်းသားများသည် ကလေးပြုစုပျိုးထောင်ခြင်းကူညီထောက်ပံ့မှုလုပ်ငန်းအပေါ် နားလည်ခြင်းနှင့် ကလေးပြုစုပျိုးထောင်ခြင်း၊ မိသားစုအားကူညီထောက်ပံ့ခြင်းနှင့် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေး ကူညီထောက်ပံ့မှုစသည်ကို လေ့လာနိုင်သည့် ကောင်းမွန်သောပတ်ဝန်းကျင်ဖြစ်သည်။ အတန်းထဲတွင် La Lula ၏ မိဘနှင့် ကလေးများအတွက် ကလေးငယ်မှလွတ်လပ်စွာသွားလာပြုမူနိုင်သည့် ပြုစုပျိုးထောင်ရေးပတ်ဝန်းကျင်နှင့် ရှိသင့်သောကူညီထောက်ပံ့သူပုံစံ၊ အုပ်ထိန်းသူနှင့် ရှိသင့်သောပြောဆိုဆက်ဆံနည်းများကို သင်ယူနိုင်သည်။ တက္ကသိုလ်အတွင်း စကြံပြတင်းပေါက်မှတစ်ဆင့် မိဘနှင့် ကလေးများ၏ ပြောဆိုဆက်ဆံမှု၊ ကလေးငယ်များ၏ ကြီးထွားမှုကို ခံစားသိမြင်နိုင်သည့် ဂျပန်နိုင်ငံအတွင်း အနည်းငယ်သာရှိသောစင်တာများထဲမှ တစ်ခုဖြစ်သည်။

# အားကစားဖြင့် ဘဝကို ကူညီပံ့ပိုးပေးသော ကျွမ်းကျင်ပညာရှင်များကို မွေးထုတ်ခြင်း



Sports Health Science Department

# Sports Health Science Major

Sports Health Course / Health and Physical Education Course / Disabled Sports Course / Sports Management Course

## ခေတ်၏ လိုအပ်ချက်များနှင့် ကိုက်ညီသော နယ်ပယ် 4 ခုတွင် အဖိုးတန်ကျွမ်းကျင်မှုကို လေ့လာဆည်းပူးမည်။

ဤဌာနတွင် အထူးပြုနယ်ပယ် 4 ခုကို သတ်မှတ်ထားသည်။ အထူးပြုဘာသာရပ်တစ်ခုစီအား အဓိကထားလေ့လာခြင်းဖြင့် အားကစားနည်းပြအဖြစ် ကျွမ်းကျင်မှုမှာ သိသာစွာ တိုးတက်လာမည်ဖြစ်သည်။

**Sports Health Course**
ကျန်းမာရေးလိုအပ်ချက်များကို
အားကစားဖြင့် တုံ့ပြန်ခြင်း

**Health and Physical Education Course**
ကလေးငယ်များအား ကာယပညာနှင့်
အားကစားဆိုင်ရာအိပ်မက်များကို မွေးမြူပေးခြင်း

**Disabled Sports Course**
လူသားအားလုံးအား အားကစား၏
ပျော်ရွှင်မှုကို ပေးစွမ်းခြင်း

**Sports Management Course**
အားကစားလောက၏ အနာဂတ်ကို ဖန်တီးခြင်း

## ပူးပေါင်းသင်ယူခြင်းသည် သင်၏ လုပ်ဆောင်နိုင်စွမ်းများကို မြင့်မားစေသည်။

Sports Health Science Department ပညာရပ်နယ်ပယ်သည် နယ်ပယ်စုံနှင့်သက်ဆိုင်သည့် ကျယ်ပြန့်သောသုတေသန နယ်ပယ်ဖြစ်သည်။ ဤကျောင်းမှ ထည့်သွင်းထားသော ဌာနများ၏ ပညာရပ်ဆိုင်ရာနယ်ပယ်များ (ကာယကုထုံး၊ သူနာပြု၊ လူမှုဖူလုံရေး၊ ပညာရေး) နှင့် ကောင်းစွာချိတ်ဆက်ထားသည်။ Sports Health Science Department ၏ သင်ရိုးညွှန်းတမ်းသည် အားကစားသိပ္ပံ၊ ကျန်းမာရေးသိပ္ပံကို အဓိကထား၍ ဘက်စုံလက်တွေ့သင်ယူခြင်းကို ဖော်ဆောင်ပြီး ပိုမိုအဖိုးတန်သော ကျွမ်းကျင်မှုများကို ရယူနိုင်သည်။ လုပ်ဆောင်နိုင်သောနယ်ပယ်ကို သိသာစွာ ချဲ့ထွင်ခြင်းဖြင့် လူသားများအား အထောက်အကူပြုနိုင်သည့် ကြီးမားသောအင်အားကို ဖြစ်ပေါ်လာစေမည်ဖြစ်သည်။

Human Well-Being Department Human Well-Being Major

↕

**Sports Health Science Department**
**Sports Health Science Major**

↕ ↕

| Nursing rehabilitation department<br>Rehabilitation subject/ Nursing subject | Education Department<br>Child Education Major |
|---|---|

# ဂျပန်နိုင်ငံ၏ ကလေးပြုစုစောင့်ရှောက်ခြင်းသည်
# "ဆော့ကစားခြင်း" ဖြင့် အသက်ရှင်သန်မှုစွမ်းအင်ကို ပြုစုပျိုးထောင်သည်
# ကလေးငယ်၏ "အသက်ရှင်သန်မှုစွမ်းအင်" ကို ပြုစုပျိုးထောင်ပေးမည့်
# ကျွမ်းကျင်ပညာရှင်အဖြစ်သို့



Junior College Program

# Infant Education Major

*Asobist* Course/ Disabled Children Support Course/
Childcare Support Course

## နှစ်လိုဖွယ်ကောင်းသော ကလေးပြုစုစောင့်ရှောက်သူ *"Asobisuto"* အဖြစ်

ကလေးများနှင့် ဆော့ကစားခြင်းကိုနှစ်သက်ပြီး အာရုံငါးပါးကို ပြုစုပျိုးထောင်ပေးသည့်သဘာဝအတွင်း ကစားခြင်း၏အရေးပါပုံကို နားလည်ထားလျက်ရှိသည်။ နူးညံ့သိမ်မွေ့သောအပြုံးမျက်နှာဖြင့် ကလေးများ၊ မိသားစုများနှင့် ရင်းနှီးကျွမ်းဝင်ကာ ကူညီထောက်ပံ့နိုင်သည့် ကစားဖော်ကျွမ်းကျင်သူကို ဤကျောင်းတွင် *"Asobisuto"* ဟု ခေါ်သည်။

### ထူးခြားမှုရှိသည့် သင်တန်း 3 ခု *Asobist / Disabled Children Support / Childcare Support*

ဒုတိယနှစ်နောက်ပိုင်းမှစ၍ သင်တန်းကို ရွေးချယ်ပြီး ပိုမိုအသေးစိတ်ကျသော အထူးပြုအကြောင်းအရာများကို သင်ယူရမည်။ လက်တွေ့လေ့ကျင့်ခြင်းနှင့် စင်တာသို့ အလည်သွားရောက်ခြင်း၊ စေတနာ့ဝန်ထမ်းလုပ်ဆောင်ခြင်းစသည့် ကျောင်းပြင်ပလုပ်ရှားမှုများတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ကာ ကျောင်းသားတစ်ဦးစီ၏ အနာဂတ်အိပ်မက်များနှင့်အညီ တစ်ဦးစီ၏ လက်တွေ့လုပ်ဆောင်နိုင်စွမ်းများကို မြင့်တင်ပေးမည်ဖြစ်သည်။

## Infant Education Major ~ဆော့ကစားခြင်းမှသင်ယူလေ့လာနိုင်သောသင်ရိုးညွှန်းတန်း~ (အထူးပြုဘာသာရပ်)

| | ပထမနှစ် | | ဒုတိယနှစ် | |
|---|---|---|---|---|
| | ပထမနှစ်ဝက်ကာလ | ဒုတိယနှစ်ဝက်ကာလ | ပထမနှစ်ဝက်ကာလ | ဒုတိယနှစ်ဝက်ကာလ |
| **ကစားခြင်းကို စနစ်တကျ ကောင်းစွာ သင်ယူခြင်း** | **တေးဂီတ A·B၊ ကလေးပြုစုစောင့်ရှောက်ခြင်းအခြေခံသင်တန်း I · II** | | **ကျယ်ကျယ်ပြန့်ပြန့်ကိုယ်စားပြုဖော်ပြခြင်းလှုပ်ရှားမှု၊ ကလေးပြုစုစောင့်ရှောက်ခြင်းအခြေခံသင်တန်း III** | |
| | ကလေးပြုစုစောင့်ရှောက်ခြင်း အကြောင်းအရာအကျဉ်းချုပ် | ကလေးငယ်နှင့် ကိုယ်စားပြုဖော်ပြခြင်း၊ ကလေးငယ်နှင့် ကျန်းမာရေး | ကလေးပြုစုစောင့်ရှောက်ခြင်းအကြောင်းအရာ (ကိုယ်စားပြုဖော်ပြချက်) | |
| **ကစားခြင်းကို လက်တွေ့ဖော်ဆောင်နိုင်စေမည့် သင်ယူခြင်း** | **အခြေခံဆွေးနွေးပွဲ** | | **အထူးပြုဆွေးနွေးပွဲ (အထူးပြုသင်တန်း 3 ခု)** | |
| | လေ့လာရေးလက်တွေ့လေ့ကျင့်ခြင်း (အိဝနော့ဒ ကလေးငယ်စင်တာနှင့်အခြားနေရာများ) *Asobisuto* နှင့်လေ့ကျင့်ရေးသင်တန်း | *Asobisuto* အား လက်တွေ့ဖော်ဆောင်ခြင်း အခြေခံဆွေးနွေးပွဲရလဒ်ကြေညာခြင်း | ဖွံ့ဖြိုးတိုးတက်ရေးကူညီထောက်ပံ့မှုစင်တာတွင် လက်တွေ့လုပ်ဆောင်မှု၊သူငယ်တန်း၊ ကလေးထိန်းကျောင်း၊ နေ့ထိန်းသင်တန်းကျောင်း၊ ဒေသဆိုင်ရာပွဲတော်များတွင် ပါဝင်ဆင်နွှဲခြင်း | ဘွဲ့ယူစာတမ်းကြေညာခြင်း |
| **ကစားခြင်းကို အလုပ်ခွင်တွင် ဖွံ့ဖြိုးတိုးတက်စေမည့် သင်ယူခြင်း** | | သူငယ်တန်းသင်ကြားရေး လက်တွေ့လေ့ကျင့်မှု I (သူငယ်တန်း/ အောက်တိုဘာလ - 10 ရက်ကြာ) ကလေးပြုစုစောင့်ရှောက်ရေး လက်တွေ့လေ့ကျင့်မှု I B (စင်တာ / ဖေဖော်ဝါရီလ - 10 ရက်ကြာ) | ကလေးပြုစုစောင့်ရှောက်ရေး လက်တွေ့လေ့ကျင့်မှု I A (ကလေးထိန်းကျောင်း / ဇွန်လ - 10 ရက်ကြာ) | သူငယ်တန်းသင်ကြားရေး လက်တွေ့လေ့ကျင့်မှု II (သူငယ်တန်း/ စက်တင်ဘာလ - 10 ရက်ကြာ) ကလေးပြုစုစောင့်ရှောက်ရေး လက်တွေ့လေ့ကျင့်မှု II · III (ကလေးထိန်းကျောင်း၊ ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးစင်တာ၊ ကလေးစင်တာများ/ နိုဝင်ဘာလ - 10 ရက်ကြာ) |

## ကလေးထံမှသင်ယူနိုင်သော ကလေးပြုစုစောင့်ရှောက်ရေးနေရာ များစွာရှိခြင်း

Seki Campus အတွင်းတွင် ခိရိဂအိုခသူငယ်တန်း၊ Kakamigahara Campus တွင် La Lula (ကလေးငယ်မိသားစုကူညီထောက်ပံ့ရေးစင်တာ) ရှိသည်။ ထို့အပြင် တိုခိဝကလေးထိန်းကျောင်းနှင့် ပူးတွဲသူငယ်တန်း၊ အိဝနော့ဒ ကလေးငယ်စင်တာစသဖြင့် ကလေးငယ်များနှင့်သက်ဆိုင်သော ပတ်ဝန်းကျင်များအား ဖော်ဆောင်ထားလျက်ရှိသည်။



ခိရိဂအိုခသူငယ်တန်း (Seki Campus အတွင်း)



တိုခိဝကလေးထိန်းကျောင်း (ခိဘုမြို့)



La Lula (Kakamigahara Campus အတွင်း)

# လူမှုဖူလုံရေးလုပ်ငန်းတိုးတက်လျက်ရှိသည့်ဂျပန်နိုင်ငံတွင် ပြုစုစောင့်ရှောက်ရေးကို သင်ယူပြီး လုပ်ငန်းခွင်တွင် စွမ်းရည်များကို ပြသနိုင်သူများဖြစ်ပေါ်လာစေရန် ရည်ရွယ်သည်။



Junior College

# Social Welfare Major

Nursing and Welfare Course / Healthcare Administration Course / Business Design Course

## ပညာတော်သင်ကျောင်းသားများ၏ သင်ယူမှုကို ကူညီထောက်ပံ့ပေးမည့် ဘာသာရပ်များကို ပြဋ္ဌာန်းထားရှိသည်

အတန်းအားလုံးကို "ဂျပန်ဘာသာစကား" ဖြင့် သင်ကြားလျက်ရှိသည်။ နည်းပညာရပ်ဆိုင်ရာစကားလုံးများ များပြားပြီး စိတ်ပင်ပန်းရခြင်းမျိုး ရှိနိုင်ပါသည်။ အနည်းငယ်မျှပင်လျှင် စိတ်အေးချမ်းသာစွာဖြင့် ပညာသင်ကြားနိုင်စေရန် Social Welfare Major တွင် ပညာတော်သင်ကျောင်းသားများအား အထောက်အကူဖြစ်စေမည့် ဘာသာရပ်ကို ထည့်သွင်းထားရှိသည်။



**ပြုစုစောင့်ရှောက်ရေးသင်ကြားမှုအခြေခံ**

နေ့စဉ်သင်ယူမှုအကြောင်းအရာသာမက သင်ယူမှုနည်းလမ်း၊ ဂျပန်နိုင်ငံရှိနေထိုင်မှုတွင် အဆင်မပြေရသောအရာ (ယဉ်ကျေးမှု၊ အချိန်ပိုင်းအလုပ်ရှိ အဖြစ်အပျက်) များအား ကျောင်းသားအချင်းချင်း အမြင်သဘောထားများကို ဖလှယ်ရင်းဖြင့် စိတ်ပေါ့ပါးစွာဖြင့် သင်ယူနိုင်မည့်ပတ်ဝန်းကျင်အား ဖန်တီးပေးမည့် ဘာသာရပ်ဖြစ်သည်။



**ပြုစုစောင့်ရှောက်ရေးဂျပန်ဘာသာရပ်**

ပြုစုစောင့်ရှောက်ရေးအား လေ့လာရာတွင် လိုအပ်သည့်ဂျပန်ဘာသာစကားကို သင်ယူနိုင်သည့်ဘာသာရပ်ဖြစ်သည်။ နည်းပညာဆိုင်ရာ အသုံးအနှုန်းများအပြင် ပြုစုစောင့်ရှောက်ရေးနယ်ပယ်တွင် အသုံးပြုလေ့ရှိသည့်စကားလုံးများကိုလည်း သင်ယူနိုင်သည်။

## ကလေးမွေးဖွားနှုန်းကျဆင်းပြီး သက်ကြီးရွယ်အိုအရေအတွက် တိုးပွားလာလျက်ရှိသည့် အာရှနိုင်ငံများသည် ဂျပန်နိုင်ငံ၏ လူမှုဖူလုံရေးအား အာရုံစိုက်လာလျက်ရှိသည်။ မိမိတို့နိုင်ငံ၏ အနာဂတ်အတွက် အသုံးချနိုင်သည့်အသိပညာနှင့် လက်တွေ့လုပ်ဆောင်နိုင်စွမ်းကို သင်ယူကြရအောင်။

## Nursing and Welfare Course

ပြုစုစောင့်ရှောက်ရန်လိုအပ်သည့် သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများကို ကူညီထောက်ပံ့မည့် အထူးပြုနည်းစနစ်များနှင့် အသိပညာများကို သင်ယူပြီး နိုင်ငံအသိအမှတ်ပြုလက်မှတ်ဖြစ်သည့် ပြုစုစောင့်ရှောက်ရေးကျွမ်းကျင်ဝန်ထမ်းလက်မှတ်ကို ရယူနိုင်စေရန် ရည်ရွယ်သည်။

**ပြုစုစောင့်ရှောက်ရေးကျွမ်းကျင်ဝန်ထမ်း**

### "ပြုစုစောင့်ရှောက်ရေးကျွမ်းကျင်ပညာရှင်" ဖြစ်ကြောင်း အထောက်အထား။

နေထိုင်ရေးကူညီထောက်ပံ့မှု လက်တွေ့ဖော်ဆောင်ခြင်းနည်းစနစ်အပြင် မှတ်ဉာဏ်ချို့ယွင်းခြင်းပြုစုစောင့်ရှောက်မှုအခြေခံ၊ ဆေးဘက်ဆိုင်ရာပြုစုစောင့်ရှောက်မှုအခြေခံ၊ ပြုစုစောင့်ရှောက်ရေးစင်တာ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှု၊ ဘေးအန္တရာယ်ကျရောက်ချိန်တွင် ပြုစုစောင့်ရှောက်ခြင်းစသည့် ကျွမ်းကျင်မှုမြင့်မားသော ပြုစုစောင့်ရှောက်ရေးလက်တွေ့လုပ်ဆောင်နိုင်စွမ်းကို သင်ယူနိုင်သည်။ ထို့အပြင်၊ ပြုစုစောင့်ရှောက်ရေးစက်ရုပ်များ ကဲ့သို့သော နောက်ဆုံးပေါ်စက်ကိရိယာများကို အသုံးပြု၍ ကူညီပံ့ပိုးရေးနည်းလမ်းများ လေ့လာသင်ယူခြင်းကိုလည်း တက်ကြွစွာ ဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားအဆင့်စာမေးပွဲ အောင်မြင်စေရန် တစ်ဦးချင်းစီအတွက် လေ့လာမှုအစီအစဉ်ဖြင့် 2 နှစ် ထောက်ပံ့ပေးပါသည်။ နိုင်ငံအသိအမှတ်ပြုစာမေးပွဲတွင် အောင်မြင်ပြီး ပြုစုစောင့်ရှောက်ရေးကျွမ်းကျင်ဝန်ထမ်း လက်မှတ်ကို ရယူနိုင်ပါက ဘွဲ့ရပြီးနောက် "ပြုစုစောင့်ရှောက်ရေး" နေထိုင်ခွင့်ဗီဇာဖြင့် ဂျပန်နိုင်ငံအတွင်းရှိ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နိုင်သည်။





## Healthcare Administration Course / Business Design Course

ပညာရှင်အနေဖြင့် လုပ်ကိုင်နိုင်မည့် လက်တွေ့အလုပ်လုပ်ကိုင်စွမ်းကို ဤသင်တန်း 2 ခုတွင် သင်ယူနိုင်စေရန် ရည်ရွယ်ပါသည်။ စီးပွားရေးကျင့်ဝတ်နှင့် ပြောဆိုဆက်ဆံရေးစွမ်းရည်ကို သင်ယူနိုင်သည်။

No.10

ကောင်းစွာဖော်ဆောင်ထားသော
ဂျပန်ဘာသာစကားသင်ကြားမှုစနစ်ဖြင့် ပညာတော်သင်ကျောင်းသားများကို
တက်ကြွစွာ ကူညီပံ့ပိုးပေးလျက်ရှိသည်



# ပညာတော်သင်ကျောင်းသားများအတွက်အထူးအတန်း
# ဂျပန်ဘာသာစကားသင်တန်း

1 နှစ် သင်တန်း ၊ 1.5 နှစ် သင်တန်း

Chubu Gakuin University & College

# ပညာတော်သင်ကျောင်းသားများအတွက်အထူးအတန်းတွင် ဂျပန်ဘာသာစကားသင်ကြားခြင်းအပြင် ဂျပန်နိုင်ငံအကြောင်း၊ ဂျပန်နိုင်ငံလူ့အဖွဲ့အစည်းအကြောင်း ပို့ချမှုများတွင် ဂျပန်နိုင်ငံယဉ်ကျေးမှု အတွေ့အကြုံ၊ အတန်းပို့ချမှုအတွေ့အကြုံကို တက်ကြွစွာ ပို့ချပေးလျက်ရှိသည်။

## ပညာတော်သင်ကျောင်းသားများအတွက်အထူးအတန်း ဂျပန်ဘာသာစကားသင်တန်း

အဓိကအားဖြင့် Chubu Gakuin University၊ Chubu Gakuin University Junior College တွင် ကျောင်းဆက်လက်တက်ရောက်နိုင်စေရန်အတွက် ဂျပန်ဘာသာစကားကို အထူးပြုထားသည့် ပြင်ဆင်ရေးသင်ကြားမှုကို လုပ်ဆောင်ပေးသည့် သင်ကြားရေးအတန်းဖြစ်သည်။



## သင်ကြားရေးအကြောင်းအရာ

①30 ဦး (နွေဦးရာသီတွင် ကျောင်းတက်ခြင်း၊ ဆောင်းဦးရာသီတွင် ကျောင်းတက်ခြင်း)
နွေဦးရာသီတွင် ကျောင်းတက်ခြင်း - ဧပြီလတွင် ကျောင်းတက်ရောက်ခြင်း စာသင်နှစ် 1 နှစ်
ဆောင်းဦးရာသီတွင် ကျောင်းတက်ခြင်း - စက်တင်ဘာလတွင် ကျောင်းတက်ရောက်ခြင်း စာသင်နှစ် 1.5 နှစ်
②ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ - တစ်နှစ်အတွင်း ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ N2 အောင်မြင်ရန် မျှော်မှန်းပြီး Chubu Gakuin University၊ Chubu Gakuin University Junior College တွင် ကျောင်းဆက်လက်တက်ရောက်စေရန် ရည်ရွယ်ပါသည်။



## ပညာတော်သင်ကျောင်းသားများအတွက်အထူးအတန်းရှိ ပွဲတော်များကို မိတ်ဆက်ခြင်း

4月 5月 6月 7月 8月 9月



ကျောင်းဝင်ခွင့်အခမ်းအနား ချယ်ရီပန်းကြည့်ခြင်း



ဂျပန်နိုင်ငံယဉ်ကျေးမှု အတွေ့အကြုံ တနဘတ




လေ့လာရေးခရီး




တက္ကသိုလ်ပွဲတော် တနိုရှိမင်းပွဲတော်

10月 11月 12月 1月 2月 3月



ခရစ်စမတ်ဆုတောင်းခြင်း



သင်တန်းဆင်းပွဲ

# INTERVIEW ဘွဲ့ရကျောင်းသားများ၊ တက်ရောက်ဆဲကျောင်းသားများထံမှ သတင်းစကား

## ကြိုးစားအားထုတ်ခြင်းဖြင့်အောင်မြင်မှုများ ရရှိနိုင်ခြင်းကို Junior College တွင်သင်ယူနိုင်ခဲ့ပါသည်

### KYAL SIN LINN LATT

မြန်မာနိုင်ငံတွင် မွေးဖွားသည်

2020 ခုနှစ် အောက်တိုဘာလ ပညာတော်သင်ကျောင်းသားများအတွက်အထူးအတန်းတွင် တက်ရောက်သည်
2022 ခုနှစ် မတ်လ ပညာတော်သင်ကျောင်းသားများအတွက်အထူးအတန်း ပြီးဆုံးသည်
2022 ခုနှစ် ဧပြီလ Junior College Programı Social Welfare Major တွင် တက်ရောက်သည်
2024 ခုနှစ် မတ်လ Junior College Programı Social Welfare Major မှ ဘွဲ့ရသည်

ပညာသင်ကြားစဉ်ကာလမှာ၊ ဂျပန်လူမျိုးများနှင့်နှီးနှောဖလှယ်မှုပြုရင်း၊ ကျယ်ပြန့်သောအသိပညာနှင့်အတတ်ပညာများအား သင်ယူလေ့လာနိုင်ခဲ့ခြင်းကြောင့်၊ နေ့စဉ်အလွန်အားရကျေနပ်ခဲ့ရပါသည်။ Social Welfare Major မှ ဆရာများ၏လမ်းညွှန်မှုများနှင့် ပြုစုစောင့်ရှောက်ရေးလက်တွေ့လုပ်ဆောင်မှုများမှ သင်ယူခဲ့ရသော (ကိုယ့်ရဲ့ကြိုးစားအားထုတ်မှုတွေဟာ ဧည့်သည့်တွေရဲ့အပြုံးတွေ ကျေးဇူးတင်စကားတွေအဖြစ် ကိုယ့်ဆီပြန်ရောက်လာတယ်) ဆိုသည်အား၊ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းခွင်တွင်လုပ်ကိုင်နေသည့် လက်ရှိအချိန်တွင်လည်း နေ့စဉ်ခံစားသိရှိရပါသည်။ နောက်ပိုင်းတွင်လည်း ဧည့်သည့်များ၏စိတ်ခံစားချက်များအား နားလည်ခံစားပေးရင်း၊ အေးချမ်းသာယာသည့်နေထိုင်မှုဘဝအားရရှိစေနိုင်ရန် ပံ့ပိုးကူညီလိုပါသည်။



## ပျော်ရွှင်စရာကောင်းသည့်ပတ်ဝန်းကျင်တွင် ရည်မှန်းချက်များပြည့်မြောက်နိုင်ရန် ဆက်လက်ကြိုးစားအားထုတ်သွားချင်ပါသည်

### PYAE PHYO KYAW

မြန်မာနိုင်ငံတွင် မွေးဖွားသည်

2022 ခုနှစ် အောက်တိုဘာလ ပညာတော်သင်ကျောင်းသားများအတွက်အထူးအတန်းတွင် တက်ရောက်သည်
2023 ခုနှစ် မတ်လ ပညာတော်သင်ကျောင်းသားများအတွက်အထူးအတန်း ပြီးဆုံးသည်
2023 ခုနှစ် ဧပြီလ Junior College Programı Social Welfare Major တွင် တက်ရောက်သည်

ဂျပန်ကိုမလာခင်က၊ ပညာတော်သင်ကျောင်းသားဘဝနှင့် ဂျပန်နိုင်ငံ၏ယဉ်ကျေးမှုတွင် နေသားကျနိုင်ပါ့မလားဟု စိုးရိမ်ခဲ့ရပါသည်။ သို့သော် တက္ကသိုလ်ရှိဆရာများမှာ သဘောကောင်းကာ၊ စာသင်ကြားမှုတစ်ခုတည်းသာမက၊ နေထိုင်မှုဘဝတွင်လည်း ပံ့ပိုးကူညီပေးခြင်းကြောင့် စိုးရိမ်မှုများပျောက်ကွယ်သွားခဲ့ပါသည်။ လက်ရှိတွင်၊ ပြုစုစောင့်ရှောက်ရေးဝန်ထမ်းဖြစ်ရန် ရည်မှန်းထားပြီး၊ ဆရာများ၏လမ်းညွှန်မှုအောက်တွင် ခေတ်မှီသောအသိပညာ၊ အတတ်ပညာများကို သင်ယူလျက်ရှိပါသည်။ တစ်ဖန် အဖွဲ့လိုက်လုပ်ဆောင်မှုများ၊ ဂျပန်ကျောင်းသားများနှင့်နှီးနှောဖလှယ်ပွဲများလည်းရှိကာ၊ ပညာတော်သင်ကျောင်းသားဘဝအား အလွန်အားကျေကျေနပ်မိပါသည်။ ကိုယ်ပိုင်ရည်မှန်းချက်တွေပြည့်မြောက်စေဖို့အတွက်လည်း ဆက်လက်ကြိုးစားအားထုတ်သွားပါမည်။



## လူတိုင်းအတွက် အကောင်းဆုံး ပြုစုစောင့်ရှောက်ရေးဝန်ဆောင်မှုကို ပေးချင်ပါသည်။

### VU THI TUYET NHUNG

ဗီယက်နမ်နိုင်ငံတွင် မွေးဖွားသည်

2022 ခုနှစ် ဧပြီလ Human Well-Being Department of Human Well-Being Major တွင် တက်ရောက်သည်

လက်ရှိ ပြုစုစောင့်ရှောက်ရေးစင်တာတွင် အချိန်ပိုင်းအလုပ်လုပ်ရင်းဖြင့် တက္ကသိုလ်တွင် ပြုစုစောင့်ရှောက်ရေးဝန်ထမ်း အမျိုးသားအသိအမှတ်ပြုလက်မှတ် ရယူရန် ရည်မှန်းထားပြီး ပြုစုစောင့်ရှောက်ရေးသင်တန်းမှာ ပညာသင်ကြားနေပါသည်။ ကျောင်းမတက်ခင်က နားမလည်တာတွေ အများကြီးရှိခဲ့သော်လည်း တက္ကသိုလ်တက်ပြီးနောက် လူမှုရေးကိစ္စများ၊ ပြုစုစောင့်ရှောက်ရေးကိစ္စများနှင့်ပတ်သတ်ပြီး တဖြည်းဖြည်း နားလည်လာခဲ့ပါသည်။ ဂျပန်ဘာသာနှင့် ပြုစုစောင့်ရှောက်ရေးဗဟုသုတအသစ် စသည်တို့ကို များစွာဆက်လက်လေ့လာဆည်းပူးပြီး အနာဂတ်မှာ ဂျပန်နှင့် ဗီယက်နမ်ရှိ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းနယ်ပယ်များကို ပံ့ပိုးကူညီလိုပါသည်။



## တက္ကသိုလ်မှသင်ယူခဲ့သည်များကို အလုပ်တွင်အကျိုးရှိစွာ အသုံးချလျက်ရှိပါသည်။

### ZHAO KEITI

တရုတ်နိုင်ငံတွင် မွေးဖွားသည်

2020 ခုနှစ် ဧပြီလ Human Well-Being Department of Human Well-Being Major တွင် တက်ရောက်သည်
2024 ခုနှစ် မတ်လ Human Well-Being Department of Human Well-Being Major မှ ဘွဲ့ရသည်

တက္ကသိုလ်တွင် ပြုစုစောင့်ရှောက်ရေးဝန်ထမ်း အမျိုးသားအသိအမှတ်ပြုလက်မှတ် ရယူပြီးနောက်၊ ဘိုးဘွားရိပ်သာတွင် အလုပ်လုပ်ကိုင်လျက်ရှိပါသည်။ တက္ကသိုလ်ရှိဆရာများထံမှ သင်ယူခဲ့သော ကျွမ်းကျင်မှုဆိုင်ရာအသိပညာနှင့် အတတ်ပညာများကို လုပ်ငန်းခွင်၌လုပ်တွေ့အသုံးချကာ၊ အတွေ့အကြုံရယူရင်း ပိုမိုနားလည်တတ်ကျွမ်းလာစေရန် ကြိုးစားလျက်ရှိပါသည်။ တက္ကသိုလ်မှဘွဲ့ရပြီးသည့် ယခုအချိန်တွင်၊ သက်ကြီးရွယ်အိုများကြုံတွေ့နေရသည့် ကိစ္စရပ်များအပေါ် ရင်းနှီးကြင်နာစွာ နားလည်ခံစားပေးကာ၊ ပြုံးရွှင်မှုနှင့်အေးချမ်းမှုအား ဖြည့်ဆည်းပေးခြင်းမှာ မိမိ၏တာဝန်တစ်ရပ်ဟု ခံစားရပါသည်။ ဘွဲ့ရပြီးနောက်တွင်လည်း ကျေးဇူးရှိခဲ့သော Chubu Gakuin University အကြားရှိ ရင်းနှီးဆက်ဆံမှုအား တန်ဖိုးထားလိုပါသည်။



INTERVIEW

# ဘွဲ့ရကျောင်းသားများ၊ တက်ရောက်ဆဲကျောင်းသားများထံမှ သတင်းစကား

## ဂျပန်နိုင်ငံတွင် ဟိုတယ်ဝန်ထမ်းဖြစ်ဖို့ ရည်မှန်းထားပါသည်

### GURUNG SAMJHANA

နီပေါနိုင်ငံတွင် မွေးဖွားသည်
2023 ခုနှစ် ဧပြီလ ပညာတော်သင်ကျောင်းသားများအတွက်အထူးအတန်းတွင် တက်ရောက်သည်
2024 ခုနှစ် မတ်လ ပညာတော်သင်ကျောင်းသားများအတွက်အထူးအတန်း ပြီးဆုံးသည်
2024 ခုနှစ် ဧပြီလ Junior College Programı Infant Education Major တွင် တက်ရောက်သည်

ကျွန်တော်၏အိမ်မက်မှာ ဂျပန်နိုင်ငံရှိဟိုတယ်တွင် အလုပ်လုပ်ကိုင်ရန်ဖြစ်ပါသည်။ မိခင်နိုင်ငံဖြစ်သည့် နီပေါနိုင်ငံ၌ရှိခဲ့စဉ် ကျောင်းဆရာတစ်ယောက်အဖြစ် ကလေးငယ်များနှင့်ထိတွေ့ဆက်ဆံရင်း၊ လူများအပေါ်ကူညီလုပ်ကိုင်ပေးခြင်း၌ ဘဝ၏အဓိပ္ပါယ်အား ခံစားမိခဲ့ပါသည်။ လက်ရှိတွင်၊ ထိုအတွေ့အကြုံများအား အကျိုးရှိစွာအသုံးချရင်း၊ Infant Education Major တွင်ဂျပန်နိုင်ငံ၏ ပညာရေး၊ ယဉ်ကျေးမှု၊ ဘာသာစကားနှင့်ပတ်သတ်ပြီး နေ့စဉ်သင်ယူလေ့လာလျက်ရှိပါသည်။ ဂျပန်နိုင်ငံရှိဟိုတယ်တွင် ဝင်ရောက်လုပ်ကိုင်သည့်အခါ လိုအပ်သောအသိပညာနှင့် ပေါင်းသင်းဆက်ဆံခြင်းအား လေ့လာဆည်းပူးပြီး၊ သက်ကြီးရွယ်အို ကျားမမရွေး ကူညီပံ့ပိုးပေးနိုင်သောသူတစ်ယောက်ဖြစ်ရန် ရည်မှန်းထားပါသည်။



## သူငယ်ချင်းများနှင့် သင်ယူမှုကြောင့် ပြုစုစောင့်ရှောက်ရေးသည် ပို၍ပျော်ရွှင်စရာကောင်းလာသည်။

### PHYO HAY MAN

မြန်မာနိုင်ငံတွင် မွေးဖွားသည်
2019 ခုနှစ် ဧပြီလ ပညာတော်သင်ကျောင်းသားများအတွက်အထူးအတန်းတွင် တက်ရောက်သည်
2020 ခုနှစ် မတ်လ ပညာတော်သင်ကျောင်းသားများအတွက်အထူးအတန်း ပြီးဆုံးသည်
2020 ခုနှစ် ဧပြီလ Junior College Programı Social Welfare Major တွင် တက်ရောက်သည်
2022 ခုနှစ် မတ်လ Junior College Programı Social Welfare Major မှ ဘွဲ့ရသည်

ကျွန်မသည် ပြုစုစောင့်ရှောက်ရေးအကြောင်းကို ပိုမိုသိရှိလိုသောကြောင့် Social Welfare Major တွင် တက်ရောက်ခဲ့သည်။ အတန်းတွင် ပင်ပန်းမှုဖြေဖျောက်ခြင်းနှင့် ပြုစုစောင့်ရှောက်ရေးနည်းစနစ်များ သင်ကြားရသည်ကို နှစ်သက်ပြီး ပြုစုစောင့်ရှောက်ရေးအလုပ်ကို လုပ်ကိုင်လိုသောစိတ်သည် ပိုမိုအားကောင်းလာခဲ့သည်။ Social Welfare Major ရှိ သူငယ်ချင်းများနှင့်အတူ ပျော်ရွှင်စွာဖြင့် အတွေ့အကြုံများကို ရရှိခဲ့သည်။ ထိုအတွေ့အကြုံသည် ပြုစုစောင့်ရှောက်ရေးကျွမ်းကျင်ဝန်ထမ်းအဖြစ် အလုပ်လုပ်ကိုင်ရာတွင် သေချာပေါက်အသုံးဝင်မည်ဟု ထင်ပါသည်။ ကျောင်းသားဘဝတွင် သင်ယူ၊ တွေ့ကြုံခဲ့ရသည်များကို အသုံးချပြီး ပြုစုစောင့်ရှောက်ရေးနယ်ပယ်တွင် ကြိုးစားသွားပါမည်။



## ခြေလှမ်းတိုင်း အမှန်တကယ်ဖြစ်လာမယ်လို့ ယုံကြည်ပြီး ဘယ်တော့မှ အရှုံးမပေးပါနှင့်။

### JAKO LIYU TORIKO

အင်ဒိုနီးရှားတွင် မွေးဖွားသည်
2019 ခုနှစ် ဧပြီလ Human Well-Being Department of Human Well-Being Major တွင် တက်ရောက်သည်
2023 ခုနှစ် မတ်လ Human Well-Being Department of Human Well-Being Major မှ ဘွဲ့ရသည်

ပြုစုစောင့်ရှောက်ရေးသည် " အခြားသူများကို ပြုစုစောင့်ရှောက်ခြင်းမျှသာ ဖြစ်သည်" ဟု ထင်ခဲ့သော်လည်း တက္ကသိုလ်တွင် အထူးပြုဘာသာရပ်များကို လေ့လာပြီးနောက် ပြုစုစောင့်ရှောက်ရေးနှင့်ပတ်သက်သည့် အတွေးအမြင်မှာ ပြောင်းလဲသွားပါသည်။ စိတ်ပိုင်းဆိုင်ရာ ကူညီထောက်ပံ့ခြင်းနဲ့ အသက်ကြီးလာလည်းပဲ လူသားဆန်စွာနေထိုင်နိုင်ရန် ထောက်ပံ့ပေးရန်မှာ အရေးကြီးကြောင်း သိလာရပါသည်။ လက်ရှိမှာတော့ ပြုစုစောင့်ရှောက်ရေးဝန်ထမ်းအနေဖြင့် ဂျပန်နိုင်ငံရှိစင်တာတွင် အလုပ်လုပ်နေပါသည်။ အနာဂတ်တွင် ဂျပန်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံအကြား ပေါင်းကူးတံတားဖြစ်လာပြီး ဂျပန်နိုင်ငံမှာ သင်ယူခဲ့ရသည့် အတွေ့အကြုံများကို အသုံးချချင်ပါသည်။




## လူအများကို ပြုံးပျော်စေနိုင်ရန် သင်ယူလေ့လာပါမည်

### MARLAR THAN

မြန်မာနိုင်ငံတွင် မွေးဖွားသည်
2023 ခုနှစ် ဧပြီလ Junior College Programı Social Welfare Major တွင် တက်ရောက်သည်

ကျွန်မသည် ပြုစုစောင့်ရှောက်ရေးအပေါ် စိတ်ဝင်စားမှုရှိပြီး၊ ပြုစုစောင့်ရှောက်ရေးဟူသည်မှာ မည်သို့သောအရာဖြစ်သည်ဆိုသည်အား ပိုမို၍အသေးစိတ်သိချင်သောကြောင့် Social Welfare Major တွင်တက်ရောက်ခဲ့ပါသည်။ တက္ကသိုလ်တွင် ဂျပန်ဘာသာမှစ၍ ပြုစုစောင့်ရှောက်ရေးရှိ ကျွမ်းကျင်မှုဆိုင်ရာ အသိပညာ၊ အတတ်ပညာများကို လေ့လာဆည်းပူးလျက်ရှိပါသည်။ တစ်ဖန် သင်ယူလေ့လာနေစဉ်အတွင်း ညွှန်သည်တစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာအားလိုက်နာစောင့်ထိမ်းကာ၊ မိမိနှင့်သင့်တော်မှုရှိသော နေထိုင်မှုဘဝအား ရစေချင်သည့်စိတ်များ ပေါ်ပေါက်လာခဲ့ပါသည်။ ထိုစိတ်ဆန္ဒအားလက်တွေ့အကောင်အထည်ဖော်နိုင်ရန် သင်ယူလေ့လာခဲ့သောအတတ်ပညာများအား အကျိုးရှိစွာအသုံးချပြီး ပြုစုစောင့်ရှောက်ရေးလုပ်ငန်းခွင်တွင် ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများပေးကာ၊ လူအများအတွက် အထောက်အကူဖြစ်လိုပါသည်။



ပညာတော်သင်ကျောင်းသားများ၏ ဇာတိနိုင်ငံများစာရင်း

- မြန်မာနိုင်ငံ
- တရုတ်နိုင်ငံ
- နီပေါနိုင်ငံ
- သီရိလင်္ကာနိုင်ငံ
- အင်ဒိုနီးရှားနိုင်ငံ
- ဗီယက်နမ်နိုင်ငံ

# ပညာသင်ဆုလမ်းညွှန်

## ကျောင်းစရိတ်

ပိုမှန်ကျောင်းသားများ၏ ကျောင်းစရိတ်၊
လျှော့ချခြင်းနှင့် ကင်းလွတ်ခွင့်ရရှိသူများ၏ ကျောင်းစရိတ်

လျှော့ချခြင်းနှင့် ကင်းလွတ်ခွင့်ရရှိသူများ - သင်တန်းကြေး လျှော့ချခြင်းနှင့် ကင်းလွတ်ခွင့် ရရှိသူများသည် ငွေရေးကြေးရေးကြောင့် ပညာသင်ရန် အခက်အခဲရှိပြီး တစ်နည်းအားဖြင့် အောက်ပါအခြေအနေများနှင့် ကိုက်ညီသူဖြစ်ရမည်။

①သင်ယူလိုစိတ်ရှိခြင်း၊ နေထိုင်မှုပုံစံတွင် ပြဿနာမရှိခြင်း။

② ကုန်ကျစရိတ်ထောက်ပံ့သူ၏ ဝင်ငွေမှာ ယန်း 5 သန်းအောက်သာရှိခြင်း။

ယူနစ် - ဂျပန်ယန်း

| အမျိုးအစား | လျှော့ချခြင်းနှင့် ကင်းလွတ်ခွင့် မပေးမီ ကျောင်းစရိတ် | | | | လျှော့ချခြင်းနှင့် ကင်းလွတ်ခွင့် ပေးပြီးနောက် ကျောင်းစရိတ် | | | | ပညာတော်သင်ကျောင်းသားများအတွက် အထူးသင်တန်း ဂျပန်ဘာသာစကားသင်တန်း |
|---|---|---|---|---|---|---|---|---|---|
| | Humanı Educationı Sports and Health ပထမနှစ်ကျောင်းလခငွေပေးချေမှု | | Junior College Program ပထမနှစ်ကျောင်းလခငွေပေးချေမှု | | Humanı Educationı Sports and Health ပထမနှစ်ကျောင်းလခငွေပေးချေမှု | | Junior College Program ပထမနှစ်ကျောင်းလခငွေပေးချေမှု | | |
| | 1 နှစ် | | 1 နှစ် | | 1 နှစ် | | 1 နှစ် | | |
| ကျောင်းဝင်ကြေး | 300,000 | | 280,000 | | 250,000 | | 230,000 | | 50,000 |
| သင်တန်းကြေး | | 600,000 | | 550,000 | "ပညာတော်သင်ကျောင်းသား" နေထိုင်ခွင့်ဗီဇာရှိသည့် မိမိစရိတ်ဖြင့်ကျောင်းတက်သည့် နိုင်ငံခြားသားပညာတော်သင်ကျောင်းသားသည် လျှော့ချခြင်းနှင့် ကင်းလွတ်ခွင့် ပေးသည့်စနစ်အားခံစားခွင့်ရှိပါသည်။ လျှော့ချခြင်းနှင့်ကင်းလွတ်ခွင့်ပမာဏကို 35% အထိအမြင့်ဆုံး သတ်မှတ်ပြီး အချက်အလက်များစစ်ဆေးမှုပြုလုပ်၍ အတည်ပြုပါမည်။ | | | | 1 နှစ် သင်တန်း / ယန်း 550,000<br>1.5 နှစ် သင်တန်း / ယန်း 825,000<br>※ နှစ်တစ်ဝက်တွင် ယန်း 275,000 စီပေးချေရမည် |
| အထောက်အကူပြုပစ္စည်းကိရိယာရန်ပုံငွေ | | 182,500 | | 200,000 | | | | | |
| ပညာရေးမြှင့်တင်မှုကုန်ကျစရိတ် | | 275,000 | | 280,000 | | | | | |
| ပြင်ပအဖွဲ့အစည်းကိုယ်စားကောက်ခံကြေး | | 51,500 | | 51,500 | | | | | |
| တစ်နှစ်စာ စုစုပေါင်း | 300,000 | 1,109,000 | 280,000 | 1,081,500 | | | | | သင်တန်းတစ်ခုချင်းစီ၏ ငွေပမာဏ + ကျောင်းဝင်ကြေး |

* ကျောင်းလခငွေပေးချေမှုသည် ပညာသင်နှစ်၏ပထမနှစ်ဝက်ကာလနှင့် နောက်ဆုံးကာလအတွက် အရစ်ကျပေးချေနိုင်သည်။
* အထက်ဖော်ပြပါ သင်တန်းကြေးအပြင်၊ ကျောင်းသုံးဖတ်စာအုပ်၊ သင်တန်းကြေး၊ အာမခံကြေး စသည်တို့ ကုန်ကျပါမည်။ ထို့အပြင်၊ စာရင်းသွင်းထားသည့်ကာလအတွင်း ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်နိုင်ခြင်းမျိုး ရှိနိုင်ပါသည်။

## မိမိစရိတ်ဖြင့် ကျောင်းတက်သည့် နိုင်ငံခြားသားပညာတော်သင်ကျောင်းသား၏ ပညာသင်ဆု

ယူနစ် - ဂျပန်ယန်း

| ကျွန်ုပ်တို့ကျောင်း၏ ထူးခြားသောပညာသင်ဆု | အကျိုးခံစားခွင့်ပမာဏ စသည် | အကျိုးခံစားခွင့်အခြေအနေများ | ထောက်ပံ့မည့်ကာလ |
|---|---|---|---|
| ကျောင်းဝင်ကြေး လျှော့ချခြင်းနှင့် ကင်းလွတ်ခွင့် | 50,000 | "ပညာတော်သင်" နေထိုင်ခွင့်ဗီဇာ ရှိသူ | ကျောင်းဝင်သည့်အချိန် |
| သင်တန်းကြေး လျှော့ချခြင်းနှင့် ကင်းလွတ်ခွင့်များ | 35% လျှော့ချခြင်းနှင့်ကင်းလွတ်ခွင့်အား အမြင့်ဆုံးပမာဏအဖြစ်သတ်မှတ်သည် | "ပညာတော်သင်" နေထိုင်ခွင့်ဗီဇာ ရှိသူ | 4 နှစ် သို့မဟုတ် 2 နှစ် |
| ပညာတော်သင်ကျောင်းသားပညာသင်ဆု | လစဉ် 5,000 မှ 15,000 အထိ | အဆင့်ဖြင့် သတ်မှတ်သည် | ကျောင်းတက်နေစဉ်အတွင်း |
| ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ ပညာသင်ဆု N1<br>ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ ပညာသင်ဆု N2 | 100,000 (တက္ကသိုလ်ကျောင်းသား၊ အငယ်တန်းကောလိပ်ကျောင်းသား)<br>50,000 (အထူးသင်တန်း ကျောင်းသား) | ကျောင်းတက်နေစဉ်အတွင်း N1 အောင်မြင်သည်<br>ကျောင်းတက်နေစဉ်အတွင်း N2 အောင်မြင်သည်<br>(ပုံမှန်သင်တန်းတွင် ဝင်ခွင့်ရသူ) | 1 ကြိမ်သာလျှင်<br>1 ကြိမ်သာလျှင် |
| ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ N1 လက်မှတ်ရှိသည့် ဝင်ခွင့်စာမေးပွဲဖြေဆိုမည့်ကျောင်းသားပညာသင်ဆု *1 | ယန်း 50,000 နှင့်ညီမျှသည့် QUO ကတ် *2 | ကျောင်းဝင်သည့်အချိန်တွင် N1 လက်မှတ်ရှိသူ | ဝင်ခွင့်ရပြီးနောက် |
| ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ N2 လက်မှတ်ရှိသည့် ဝင်ခွင့်စာမေးပွဲဖြေဆိုမည့်ကျောင်းသားပညာသင်ဆု *1 | ယန်း 30,000 နှင့် ညီမျှသည့် QUO ကတ် *2 | ကျောင်းဝင်သည့်အချိန်တွင် N2 လက်မှတ်ရှိသူ | ဝင်ခွင့်ရပြီးနောက် |

*1 ပညာတော်သင်ကျောင်းသားများအတွက်အထူးအတန်းတွင် စာရင်းသွင်းထားသော ပညာတော်သင်ကျောင်းသားများ မပါဝင်ပါ။
*2 QUO ကတ် (ဂျပန်နိုင်ငံအတွင်းရှိ ကွန်ဗီနီစတိုး၊ စားသောက်ဆိုင်၊ ဆေးဆိုင်၊ စာအုပ်ဆိုင်စသည်တို့ ဝယ်နိုင်သောကတ်)

ယူနစ် - ဂျပန်ယန်း

| အခြားသော ပညာသင်ဆုများ | အကျိုးခံစားခွင့်ပမာဏ စသည် | အကျိုးခံစားခွင့်အခြေအနေများ | ထောက်ပံ့မည့်ကာလ |
|---|---|---|---|
| ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ပေးမည့် နိုင်ငံခြားသားပညာတော်သင်ကျောင်းသားများ အတွက်သင်ကြားရေးဆွဲဆောင်မှုများ | လစဉ် 48,000<br>(တက္ကသိုလ်ကျောင်းသား၊ အငယ်တန်းကောလိပ်ကျောင်းသား) | ထူးချွန်သူ၊ ပညာရပ်ဆိုင်ရာထူးချွန်သူ (လူအနည်းငယ်သာ) | 1 နှစ် |
| "Yellow Angel" ပညာသင်ဆု | လစဉ် 25,000<br>(တက္ကသိုလ်ကျောင်းသား၊ အငယ်တန်းကောလိပ်ကျောင်းသား) | ထူးချွန်သူ၊ ပညာရပ်ဆိုင်ရာထူးချွန်သူ (လူအနည်းငယ်သာ) | 1 နှစ် |
| Yoneyama Memorial ပညာသင်ဆု | လစဉ် 100,000 (တက္ကသိုလ်ကျောင်းသား)<br>70,000 (အငယ်တန်းကောလိပ်ကျောင်းသား) | ထူးချွန်သူ၊ ပညာရပ်ဆိုင်ရာထူးချွန်သူ (လူအနည်းငယ်သာ)<br>နိုင်ငံတကာနီးနှောဖလှယ်ပွဲများတွင်<br>တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်း | 1 နှစ် သို့မဟုတ် 2 နှစ် |
| Heiwa Nakajima Foundation ပညာသင်ဆု | လစဉ် 100,000(တက္ကသိုလ်ကျောင်းသား) | ထူးချွန်သူ၊ ပညာရပ်ဆိုင်ရာထူးချွန်သူ (လူအနည်းငယ်သာ)<br>နိုင်ငံတကာနီးနှောဖလှယ်ပွဲများတွင်<br>တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်း | 1 နှစ် |

(မှတ်ချက်) ပညာသင်ဆုစနစ်သည် နှစ်အလိုက် အပြောင်းအလဲရှိနိုင်ပါသည်။

# ဝင်ခွင့်စာမေးပွဲလမ်းညွှန်

## ခေါ်ယူမည့်အရေအတွက်

| ဘွဲ့ကြိုတန်း၊ ဌာန | အရေအတွက် | စာသင်နှစ် |
|---|---|---|
| Human Well-Being Department / Education Department / Sports Health Science Department | ဘွဲ့ကြိုတန်းအသီးသီးအတွက် လူဦးရေအနည်းငယ် | 4 နှစ် |
| Junior College Program / Infant Education Major / Social Welfare Major | ဘွဲ့ကြိုတန်းအသီးသီးအတွက် လူဦးရေအနည်းငယ် | 2 နှစ် |
| Preparatory Department for Overseas Students Japanese Language Course | 30 ဦး | 1 နှစ်၊ 1.5 နှစ် |

**< ပညာတော်သင်ကျောင်းသားများအတွက်အထူးအတန်း ဂျပန်ဘာသာစကားသင်တန်း >**

- **နွေဦးရာသီတွင် ကျောင်းတက်ခြင်း - ဧပြီလတွင် ကျောင်းတက်ရောက်ခြင်း စာသင်နှစ်** 1 **နှစ်**
- **ဆောင်းဦးရာသီတွင် ကျောင်းတက်ခြင်း - စက်တင်ဘာလတွင် ကျောင်းတက်ရောက်ခြင်း စာသင်နှစ်** 1.5 **နှစ်** ဆောင်းဦးရာသီတွင် ကျောင်းတက်ခြင်းကို အောက်ပါသင်တန်းနှစ်ခုဖြင့် နှစ်ကြိမ်ပြုလုပ်မည်ဖြစ်သည်။

**1.5 နှစ် သင်တန်း**
ဂျပန်စာ သင်ကြားခြင်းကို အခြေခံမှ အဆင့်မြင့်အထိ 1 နှစ်နှင့် 6 လကြာ သင်ကြားမည့် သင်တန်း။ သို့သော်၊ လျှောက်ထားလိုသူသည် ဆောင်းဦးရာသီဝင်ခွင့်စာမေးပွဲ အချိန်ဇယား၏ လျှောက်လွှာတင်သည့်နောက်ဆုံးနေ့ဖြစ်ပြီး လူ 15 ဦးထက်နည်းပါက လျှောက်လွှာတင်နိုင်မည်မဟုတ်ကြောင်း သတိပြုပါ။

**ကျောင်းတွင်း အထူးအကြံပြုချက်သင်တန်း**
ကျောင်းဝင်သည့်အချိန် လျှောက်လွှာစာရွက်စာတမ်းတွင် ဖော်ပြထားသည့် ဂျပန်ဘာသာအရည်အချင်းရှိပြီး၊ ဝင်ခွင့်ရပြီးနောက် ထူးချွန်သောအဆင့်ရရှိသော ကျောင်းသားကို နှစ်ဝက်ဖြင့် Chubu Gakuin University၊ Chubu Gakuin University Junior College ၏ ဘွဲ့ကြိုတန်း၊ ဌာနတွင်တက်ရောက်ရန် အကြံပြုထားသည့် သင်တန်း။ သို့သော်၊ ဤအခြေအနေမျိုး၌ ကျောင်းမှတ်ပုံတင်တွင် ပြီးဆုံးသည်ဟု ပြမည်မဟုတ်ဘဲ ကျောင်းထွက်သည်ဟု ပြမည်ဖြစ်ကြောင်း သတိပြုပါ။

## လျှောက်ထားသူအတွက်အရည်အချင်းများ

**ပုံမှန်သင်တန်း**

အောက်ပါ (1) နှင့် (2) အခြေအနေများနှင့် ကိုက်ညီပြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ဒုက္ခသည်များ အသိအမှတ်ပြုရေးဥပဒေအရ နေထိုင်ခွင့်ဗီဇာ (ပညာတော်သင်) ကိုရရှိထားပြီး ဤကျောင်းတွင် တက်ရောက်နိုင်သူများ။

(1) နိုင်ငံရပ်ခြားတွင် ကျောင်းပညာရေးမှာ 12 နှစ် ပုံမှန်သင်တန်း ပြီးဆုံးသွားသူများ သို့မဟုတ် ၎င်းနှင့်ညီမျှသောပညာရေးရှိသူ။

(2) [Human Well-Being Department၊ Education Department၊ Sports Health Science Department] [Junior College Program (Infant Education Major / Social Welfare Major)]

① ဤကျောင်းတွင် ဝင်ခွင့်ရပြီးနောက် အတန်းတက်ရောက်ခြင်းနှင့် သုတေသနပြုခြင်းတို့ကို အနှောင့်အယှက်မဖြစ်စေသည့်အတိုင်းအတာရှိသော ဂျပန်ဘာသာအရည်အချင်းရှိသူဖြစ်ပြီး အောက်ပါစံနှုန်းများထဲမှ တစ်ခုခုနှင့် ပြည့်မီရမည်။

- ဂျပန်ဘာသာသင်ကြားရေးအဖွဲ့အစည်း၏ သင်ရိုးညွှန်းတမ်းကို နာရီပေါင်း 600 နှင့်အထက် သင်ကြားထားကာ၊ အမှန်တကယ်တက်ရောက်သင်ကြားချိန်သည် နာရီပေါင်း 600 နှင့်အထက်ရှိပြီး လေ့လာမှု ပြီးမြောက်ထားသူများ။
- Japan Educational Exchanges and Services နှင့် ဂျပန်ဖောင်ဒေးရှင်းမှ ကျင်းပပေးသော ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ N2 (အဆင့် 2) နှင့်အထက် အောင်လက်မှတ်ရရှိထားသူများ။

အထက်ပါ စံနှုန်းများထဲမှ တစ်ခုခု အပြင်၊ ဘွဲ့ရပြီးနောက် မိခင်နိုင်ငံသို့ပြန်ပြီး နယ်ပယ်အသီးသီးတွင် ခေါင်းဆောင်ဖြစ်နိုင်သူများ။

**ပညာတော်သင်ကျောင်းသားများအတွက် အထူးအတန်း**

### နွေဦးရာသီတွင်ကျောင်းတက်ခြင်း [ 1 နှစ်သင်တန်း ] ၊ ဆောင်းဦးရာသီတွင်ကျောင်းတက်ခြင်း [ 1.5 နှစ် သင်တန်း ]

(မှတ်ချက်) ဂျပန်နိုင်ငံအတွင်းရှိ အခြားသော ဂျပန်ဘာသာပညာရေးအဖွဲ့အစည်းများ (ဂျပန်ဘာသာကျောင်း စသည်တို့) တွင် တစ်နှစ်ထက်ပိုပြီး စာရင်းသွင်းထားသူများ လျှောက်ထားခွင့်မရှိပါ။

အောက်ပါ (1) နှင့် (2) အခြေအနေများနှင့် ကိုက်ညီပြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ဒုက္ခသည်များ အသိအမှတ်ပြုရေးဥပဒေအရ နေထိုင်ခွင့်ဗီဇာ (ပညာတော်သင်) ကိုရရှိထားပြီး ဤကျောင်းတွင် တက်ရောက်နိုင်သူများ။

(1) နိုင်ငံရပ်ခြားတွင် ကျောင်းပညာရေးမှာ 12 နှစ် ပုံမှန်သင်တန်း ပြီးဆုံးသွားသူများ သို့မဟုတ် ၎င်းနှင့်ညီမျှသောပညာရေးရှိသူ။

(2) ဤကျောင်းတွင် ဝင်ခွင့်ရပြီးနောက် အတန်းတက်ရောက်ခြင်းကို အနှောင့်အယှက်မဖြစ်စေသည့် အတိုင်းအတာရှိသော ဂျပန်ဘာသာအရည်အချင်းရှိသူဖြစ်ပြီး အောက်ပါစံနှုန်းများထဲမှ တစ်ခုခုနှင့် ပြည့်မီရမည်။

- ဂျပန်ဘာသာသင်ကြားရေးအဖွဲ့အစည်း၏ သင်ရိုးညွှန်းတမ်းကို နာရီပေါင်း 150 နှင့်အထက် သင်ကြားထားကာ၊ အမှန်တကယ်တက်ရောက်သင်ကြားချိန်သည် နာရီပေါင်း 150 နှင့်အထက်ရှိပြီး လေ့လာမှု ပြီးမြောက်ထားသူများ။
- Japan Educational Exchanges and Services နှင့် ဂျပန်ဖောင်ဒေးရှင်းမှ ကျင်းပပေးသော ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ N5 (အဆင့် 4) နှင့်အထက် သို့မဟုတ် Gobun Kenkyusha Co., Ltd. မှ ကျင်းပပေးသော J.TEST Test of Practical Japanese F အဆင့်နှင့်အထက် အောင်လက်မှတ်ရရှိထားသူများ။

### ဆောင်းဦးရာသီတွင်ကျောင်းတက်ခြင်း [ကျောင်းတွင်း အထူးအကြံပြုချက်သင်တန်း]

အောက်ပါ (1) နှင့် (2) အခြေအနေများနှင့် ကိုက်ညီပြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ဒုက္ခသည်များ အသိအမှတ်ပြုရေးဥပဒေအရ နေထိုင်ခွင့်ဗီဇာ (ပညာတော်သင်) ကိုရရှိထားပြီး ဤကျောင်းတွင် တက်ရောက်နိုင်သူများ။

(1) နိုင်ငံရပ်ခြားတွင် ကျောင်းပညာရေးမှာ 12 နှစ် ပုံမှန်သင်တန်း ပြီးဆုံးသွားသူများ သို့မဟုတ် ၎င်းနှင့်ညီမျှသောပညာရေးရှိသူ။

(2) ဤကျောင်းတွင် ဝင်ခွင့်ရပြီးနောက် အတန်းတက်ရောက်ခြင်းကို အနှောင့်အယှက်မဖြစ်စေသည့် အတိုင်းအတာရှိသော ဂျပန်ဘာသာအရည်အချင်းရှိသူ။

1) ဂျပန်ဘာသာအရည်အချင်းမှာ အောက်ပါစံနှုန်းများနှင့် ကိုက်ညီရမည်။

